တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်

တောင်းဆုဒုအာများအနက် ဂျဝါမိအ်(စကားလုံးတိုတောင်း၍အဓိပ္ပါယ်ကျယ်ဝန်းပြည့်ဆုံသော) တောင်းဆုဒုအာများကိုနှစ်သက်တော်မူပြီး ယင်းမှအပ အခြားသော

တောင်းဆုဒုအာများကို စွန့်လွှတ်တော်မူခဲ့သည်။

အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ) ဆင့်ပြန်ထား‌သော ဟဒီးဆ်တော်တွင်လာရှိထားသည်။သူမကပြောပြသည်မှာ- တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်
တောင်းဆုဒုအာများအနက် ဂျဝါမိအ်(စကားလုံးတိုတောင်း၍အဓိပ္ပါယ်ကျယ်ဝန်းပြည့်ဆုံသော) တောင်းဆုဒုအာများကို နှစ်သက်တော်မူပြီး ယင်းမှအပ
အခြားသော တောင်းဆုဒုအာများကို စွန့်လွှတ်တော်မူခဲ့သည်။
[صحيح] [رواه أبو داود وأحمد]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် လောကီ၊လောကုတ္တရာ ကောင်းကျိုးများစုဝေးရာ တောင်းဆုဒုအာများကို နှစ်သက်တော်မူခဲ့သည်။ ယင်းတောင်းဆုဒုအာများသည်စကားလုံး အနည်းငယ်သာ ရှိသော်လည်း အဓိပ္ပါယ်ကြွယ်ဝပြီး အလ္လာဟ်အရှင်မြတ်အားချီးမွမ်းခြင်းနှင့် ကောင်းမြတ်သော ရည်ရွယ်ချက်များ ပါဝင်သည်။ ယင်းမှအပ အခြားသောတောင်းဆုဒုအာများကိုစွန့်လွှတ်တော်မူခဲ့သည်။

https://sunnah.global/hadeeth/my/show/5886